# သမတအိမ်တော်၊ ရန်ကုန်မြို့။

# ၁၉၄၈ ခုနှစ်၊ ရန်ကုန်မြို့မြူနီစီပါယ်ကော်ပိုရေးရှင်း (ရပ်ဆိုင်းထားခြင်း အက်ဥပဒေ) ကို (ရုပ်သိမ်းသည့်) အက်ဥပဒေ။

## ၁၉၄၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၅။

## ၁၃၁၀ ခု၊ သီတင်းကျွတ်လဆုတ် ၅ ရက်။

## (၁၉၄၈ ခု၊ အောက်တိုဘာလ ၂၂ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေ ညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အမည်တို။

၁။ ။ ဤအက်ဥပဒေကို ၊ **၁၉၄၈ ခုနှစ်၊ ရန်ကုန်မြို့မြူနီစီပါယ် ကော်ပိုရေးရှင်း (ရပ်ဆိုင်းထား ခြင်း အက်ဥပဒေ) ကို ( ရုပ်သိမ်းသည့် ) အက်ဥပဒေ** ဟုခေါ်ရမည်။

၁၉၄၃ ခုနှစ်၊ မြန်မာနိုင်ငံ အက်ဥပဒေ အမှတ် ၈ ကို ရုပ်သိမ်းခြင်း။

၂။ ။ ၁၉၄၃ ခုနှစ်၊ ရန်ကုန်မြို့မြူနီစီပါယ် ကော်ပိုရေးရှင်း (ရပ်ဆိုင်းထား ခြင်း) အက်ဥပဒေ The Municipal Corporation of the City of Rangoon (Suspension) Act, 1943 ကို၊ ဤအက် ဥပဒေက ရုပ်သိမ်းလိုက်သည်။

ခြွင်းချက်အပိုဒ်၊

၃။ ။ ၁၉၄၃ ခုနှစ်၊ ရန်ကုန်မြို့မြူနီစီပါယ် ကော်ပိုရေးရှင်း (ရပ်ဆိုင်းထားခြင်း) အက်ဥပဒေကို ရုပ် သိမ်းလိုက်သော်လည်း၊ အဆိုပါ အက်ဥပဒေပုဒ်မ ၂ ၊ ပုဒ်မခွဲ (၁)အရ၊ ခန့်ထားခြင်းခံရသူသည်၊ ရန်ကုန် မြို့မ ၊ မြူနီစီပါယ်အက်ဥပဒေပါ၊ ပြဋ္ဌာန်းချက်များအရ၊ နည်းလမ်းကျနစွာဖွဲ့စည်း ထားသော၊ ရန်ကုန် မြို့မ မြူနီစီပါယ် ကော်ပိုရေးရှင်းလူကြီးများ၏ ပဌမ အစည်းအဝေး တိုင်အောင် ရာထူးတွင် ဆက်လက် ထမ်းရွက်၍၊ ရန်ကုန်မြို့မ၊ မြူနီစီပါယ် ကော်ပိုရေးရှင်း တွင်တည်ရှိသည့်၊ သို့တည်းမဟုတ် ထိုကော်ပို ရေးရှင်းအား နှင်းအပ်ထားသည့် အခွင့်အရေးများ၊ အထူးအခွင့်အရေးများ၊ အာဏာများ၊ တာဝန်ဝတ် တရားများနှင့် အလုပ်ဝတ်တရားများကို ဆက်လက်ရရှိ သုံးစွဲဆောင်ရွက်ရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊

နိုင်ငံတော်ယာယီ သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၀ ခု၊ သီတင်းကျွတ်လဆုတ် ၅ ရက်။

၁၉၄၈ ခုနှစ်၊ ရန်ကုန်မြို့မြူနီစီပါယ်ကော်ပိုရေးရှင်း (ရပ်ဆိုင်းထားခြင်း အက်ဥပဒေ) ကို (ရုပ်သိမ်းသည့်) အက်ဥပဒေ။

(၁၉၄၈ ခု၊ အောက်တိုဘာလ ၂၂ ရက်။)

အမိန့်အရ၊

ရွှေဘော်၊

နိုင်ငံတော် သမတအတွင်းဝန်။

[အမှတ် ၂၀၀]